၂၂ ဩဂုတ်လ ၂၀၂၀

# “ရွေးကောက်ပွဲများနှင့် တရားဝင်မှု”

## ကိုဗစ်စိန်ခေါ်မှုကြားက ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အဆိုပြုချက်



## အကြံပြုချက် အကျဉ်းချုပ်

အများယုံကြည်လက်ခံသော ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲမှတက်လာသောအစိုးရပေါ် လူထု ၏ယုံကြည်မှုမှာ တိုက်ရိုက်ဆက်နွယ်နေပါသည်။ ထိုအများယုံကြည်လက်ခံသော ရွေးကောက်ပွဲများကိုကျင်းပပေးရန်မှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင်တာဝန်ရှိပြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ မီဒီယာများနှင့် နိုင်ငံသားများ၏ ပူးပေါင်းပါဝင်မှု အပြည့်အဝလိုအပ်ပါသည်။

- ကိုဗစ်ရောဂါကပ်ဘေးအခြေအနေကြားမှ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲများကျင်းပရန်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ယခင်လုပ်ထုံးလုပ်နည်းများ ထက် သာလွန်ကောင်းမွန်သော၊ တီထွင် ဆန်းသစ်သော၊ ပူးပေါင်းဆောင်ရွက်မှုရှိသော နည်းလမ်းပြင်ဆင်မှုများ ဖြင့် အောင်မြင်မှုရနိုင်ပါသည်။

- အများယုံကြည်လက်ခံသော ရွေးကောက်ပွဲများဟု မှတ်ကျောက်တင်ခံနိုင်ရန်မှာ ရွေးကောက်ပွဲစောင့်ကြည့်သူ များ ကျယ်ကျယ်ပြန့်ပြန့်ရှိရန်လိုအပ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၎င်းတို့၏အခန်းကဏ္ဍ ကို အသိမှတ်ပြု၍ ရွေးကောက်ပွဲဖြစ်စဉ်၏အဆင့်တိုင်းတွင် လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်၊ စောင့်ကြည့် ရေးလုပ်ငန်းများကို မဲဆန္ဒနယ်အသီးသီးတွင် လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်ပေးရန် လိုအပ်ပါသည်။

- အလားတူ အများယုံကြည်လက်ခံသော၊ ငြိမ်းချမ်း၍အမှားယွင်းနည်းသော ရွေးကောက်ပွဲများ ကျင်းပရန်ဆိုလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပွင့်ပွင့်လင်းလင်း ပိုမိုထိတွေ့ဆက်ဆံရန် လိုအပ်ပါသည်။ ထို့အပြင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်သတ်မှတ်ရေးဆွဲရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများတွင် ၎င်းတို့၏စိုးရိမ်ချက်များ၊ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပေးခြင်း၊ ပါဝင် ဆွေးနွေးစေခြင်းတို့လုပ်ဆောင်ရန် လိုအပ်ပါသည်။

## အဘယ်ကြောင့် ရွေးကောက်ပွဲများ ကျင်းပကြသနည်း။

ရွေးကောက်ပွဲများသည် ဒီမိုကရေစီဖော်ဆောင်သောယန္တရားဖြစ်ပြီး ရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံကို မည်သို့ အုပ်ချုပ်မည်၊ ထိုအုပ်ချုပ်စီမံခွင့်ကို မည်သူရရှိမည်ကို နိုင်ငံသားများက ပါဝင်အဆုံးအဖြတ်ပေးသည်။ ၂၀၀၈ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ (၄ ) တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးတွင်တည်သည်ဟု ပြဋ္ဌာန်းထားပြီး တရားဝင်မှုသည် အောက်ခြေအုပ်ချုပ်ခံ နိုင်ငံသားများမှ လာသည်ဖြစ်ကြောင်း ဖွင့်ဆိုထားသည်။ Seymour Martin Lipset ၏ ဖွင့်ဆိုချက်အရဆိုလျှင် **တရားဝင်မှုဆိုသည် မှာ အစိုးရ၊ လွှတ်တော်၊ ရွေးကောက်ပွဲများစသည့် ဒီမိုကရေစီယန္တရားများသည် လူ့အဖွဲ့အစည်းအတွက် သင့်တော် သည်၊ မှန်ကန်သည်ဟု ယုံကြည်လက်ခံခြင်း သို့မဟုတ် ထိုသို့ယုံကြည်လက်ခံနိုင်မည့် နိုင်ငံရေးစနစ်တစ်ရပ်ရှိခြင်း** ဖြစ်သည်။[၁] ရွေးကောက်ပွဲမှတက်လာသော အစိုးရများသည် တရားဝင်မှုရှိပါက ၎င်းတို့သွားလိုသော နိုင်ငံလမ်းကြောင်း ဦးတည်ချက်၊ ဖော်ဆောင်လိုသောမူဝါဒများကို ငြိမ်းငြိမ်းချမ်းချမ်း အကောင်ထည်ဖော် စီမံအုပ်ချုပ်နိုင်မည် ဖြစ်သည်။ ထိုသို့တရားဝင်မှုမရှိပါက နိုင်ငံသားများ၏ မကျေနပ်မှုများ၊ အလိုမကျအားမရမှုများ ဖြစ်ပေါ်နိုင်ပြီး ထိုမှတစ်ဆင့် စနစ်အပေါ် စိတ်ပျက်စိတ်ကုန်ခြင်း၊ အယုံအကြည်ကင်းမဲ့ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ လူမှုသဟအက်ကြောင်း ကြီးမား သော လူ့အဖွဲ့စည်းများတွင် ပဋိပက္ခများ၊ ပြည်တွင်းစစ်များနှင့် နိုင်ငံရေးအခြေနေမတည်ငြိမ်မှုများထိ ဦးတည်နိုင်သည်။ **တည်ငြိမ်သော ဒီမိုကရေစီအစိုးရများဖြစ်ပေါ်စေရန်နှင့် ထိုသို့ဖြစ်ပေါ်ရန်လိုအပ်သော နိုင်ငံရေးတရားဝင်မှုရရှိစေရန်**

---

၁ Lipset, Seymour Martin. 1983. Political Man: The Social Bases of Politics, 2nd edition. London: Heinemann.

**မှာ** ရွေးကောက်ပွဲများကျင်းပရသည့် အကြောင်းအရင်းများစွာထဲမှ အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။

## တရားဝင်မှုနှင့် ရွေးကောက်ပွဲကြီးမှူးကြီးကြပ်သူများ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

နိုင်ငံတစ်ခုတွင် ရွေးကောက်ပွဲများကျင်းပရုံမျှဖြင့် ဒီမိုကရေစီလမ်းကြောင်းသို့ရောက်ပြီဟု မဆိုနိုင်ပေ။ အာဏာရှင်နိုင်ငံများသည်လည်း ၎င်းတို့၏အုပ်ချုပ်မှုကို တရားဝင်စေရန်၊ အတိုက်အခံများကြားသွေးကွဲစေရန်နှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်ပြစ်တင်မှုများကို ရှောင်ဖယ်နိုင်ရန် ရွေးကောက်ပွဲများ ကျင်းပလေ့ရှိသည်။ မြောက်ကိုရီးယားကဲ့သို့သော ယှဉ်ပြိုင်မှုမရှိသည့် ဟန်ပြရွေးကောက်ပွဲများ ၊ အီဂျစ် ၊ မလေး ရှားကဲ့သို့သော ပါတီယှဉ်ပြိုင်မှုရှိသော်လည်း အာဏာရအစိုးရအနိုင်ရရန် လှည့်ဖြားထားသည့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီနည်းကျ တရားဝင်မှုနှင့်ဆန့်ကျင်နေသည်။

ဤနေရာတွင် ရွေးကောက်ပွဲရလဒ်မှတက်လာသော အစိုးရများ တရားဝင်မှုရှိစေရန်မှာ ရွေးကောက်ပွဲကြီးမှူးကျင်းပပေးရသော အဖွဲ့အစည်း၏ လုပ်ဆောင်ချက်ပေါ်မူတည်နေသည်။ နိုင်ငံအသီးသီးတွင် ရွေးကောက်ပွဲ ကြီးမှူးကျင်းပသူများကို လွတ်လပ်သောသီးခြားအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းသည်ရှိသကဲ့သို့ အစိုးရအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းသည်လည်းရှိသည်။ အချို့နိုင်ငံများတွင် အစိုးရနှင့်အရပ်သားတို့တစ်ဝက်စီ ပါဝင်ဖွဲ့စည်းသည့် ဖားတစ်ပိုင်းငါးတစ်ပိုင်း ရွေးကောက်ပွဲကော်မရှင်များလည်းရှိသည်။ **မည်သို့ပင်ဖွဲ့စည်းစေကာမူ ၎င်းတို့သည် အများယုံကြည်လက်ခံသော ရွေးကောက်ပွဲများ (တစ်နည်း) ဖြောင့်မတ်မှန်ကန်၍ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများကျင်းပပေးရန် တာဝန်ရှိပြီး ထိုသို့ကျင်းပသည်နှင့်အမျှ တက်လာသည့်အစိုးရများတွင် တရားဝင်မှုရှိစေသည်။**

ရွေးကောက်ပွဲများ ဖြောင့်မတ်မှန်ကန်လျှင် နိုင်ငံသားများသည် ဒီမိုကရေစီယန္တရားများအပေါ် (အစိုးရ၊ ပါတီ၊ ရွေးကောက်ပွဲကော်မရှင်) ယုံကြည်မှုရှိစေပြီး နိုင်ငံရေးအရ တရားဝင်မှုအားကောင်းစေသည်။ ဆန္ဒပြသပိတ်မှောက်ခြင်းဖြင့် ပါဝင်သည့်နိုင်ငံရေးလှုပ်ရှားမှုအစား ရွေးကောက်သည့် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပိုမိုတက်ကြွစွာပါဝင်လာနိုင်သည်။ လူထုအုံကြွမှု၊ ပြည်တွင်းစစ်နှင့် ဆန္ဒပြမှုများသို့ ဦးတည်နိုင်သည့် လူထု၏မကျေနပ်ချက်များကို ဆုပေးဒဏ်ပေးရွေးချယ်ဆုံးဖြတ်နိုင်သည့် မဲပုံးများထဲသို့ လွှဲပြောင်းရောက်ရှိစေနိုင်သည်။ ရွေးကောက်ပွဲများ ဖြောင့်မတ်မှန်ကန်လျှင် ရှုံးနိမ့်သူပါတီများပင် ရွေးကောက်ပွဲယှဉ်ပြိုင်ရမှုအပေါ်၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအပေါ် အသိအမှတ်ပြုပြီး အနိုင်ရပါတီများ၏ အာဏာလုပ်ပိုင်ခွင့်အပေါ် ကြည်ဖြူသဘောတူခြင်း၊ နောင်ပြိုင်ပွဲများတွင် ၎င်းတို့အနိုင်ရရှိနိုင်မည်ဟု ယုံကြည်ခြင်းများရှိပေလိမ့်မည်။

အလားတူပင် ကျင်းပသည့်ရွေးကောက်ပွဲများ မမျှတလျှင်၊ တရားမဲ့ပြုကျင့်မှုများရှိခဲ့လျှင် ဆန့်ကျင်ဘက် အကျိုးဆက်များဖြစ်သည့် ရွေးကောက်ပွဲဖြစ်စဉ်ပေါ် အယုံအကြည် ကင်းမဲ့ခြင်း၊ ရွေးကောက်ခံများ အပေါ် အယုံအကြည်ကင်းမဲ့ခြင်းနှင့် ရွေးကောက်ပွဲမှတက်လာသောအစိုးရကို ထောက်ခံအားပေးမှုကျဆင်းစေခြင်းစသည့် တရားဝင်မှုပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ ရွေးကောက်ပွဲများကို အလွန်ညံ့ဖျင်းစွာစီမံခန့်ခွဲပါက အတိုက်အခံများအားလုံးကို ထိုမကျေနပ်မှုများပေါ်တွင် အခြေခံစုစည်းစေသည်အထိဖြစ်နိုင်ပြီး ထိုထက်ဆိုးရွားလျှင် အစိုးရတစ်ရပ်ကို ဖြုတ်ချမည့် လူထုအုံကြွမှုတစ်ရပ်အထိ သက်ရောက်နိုင်သည်။

## ဖြောင့်မတ်မှန်ကန်သော ရွေးကောက်ပွဲများကို မည်သို့တိုင်းတာမည်နည်း။

ဖြောင့်မတ်မှန်ကန်ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲ (သို့မဟုတ်) တရားဝင်မှုရှိစေသည့် ရွေးကောက်ပွဲ (သို့မဟုတ်) အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲများကို နိုင်ငံတကာအသိအမှတ်ပြု **ရွေးကောက်ပွဲစံချိန်စံနှုန်းများနှင့် ညီညွတ်ခြင်းရှိမရှိ**ဖြင့် တိုင်းတာသည်။ ထို့အပြင် **ရွေးကောက်ပွဲအကြို၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်စသည့် ကာလအပိုင်းခြားသုံးခုလုံးနှင့် ရွေးကောက်ပွဲဖြစ်စဉ်၏အဆင့်တိုင်းတွင် ကန့်သတ်ချက်များ၊ တရားမဲ့ပြုကျင့်မှု**

**များ ရှိခြင်းမရှိခြင်းနှင့်** တိုင်းတာသည်။

အာဏာရအစိုးရနှင့် ကိုယ်စားလှယ်များကို အသာစီးပေးထားသော ရွေးကောက်ပွဲဥပဒေများရှိခြင်း၊ ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ပြင်ဆင်မှုများကို တိတ်တဆိတ်လုပ်ဆောင်ခြင်း၊ မဲဆန္ဒနယ်မြေကို ပါတီတစ်ခုအသာစီးရစေရန် ပြင်ဆင်ရေးဆွဲခြင်း၊ နိုင်ငံပိုင်မီဒီယာများမှ အာဏာရအစိုးရကို ဘက်လိုက်တင်ပြရေးသားခြင်း၊ မဲဆန္ဒရှင်စာရင်းများ အလွန်အမင်းမှားယွင်းခြင်း၊ မဲဆန္ဒရှင်များ သတင်းအချက်အလက်မရရှိခြင်း၊ မဲဆန္ဒရှင်များသည် မိမိမဲပေးခွင့်ရှိသူဖြစ်ကြောင်း သို့မဟုတ် ဟုတ်မှန်ကြောင်းပြသရန် လိုအပ်ချက်များပြားခက်ခဲခြင်း (မဲဆန္ဒရှင်များမှ စိတ်ရှုပ်မခံဘဲ မဲမပေးဘဲနေရန် ဆုံးဖြတ်နိုင်သဖြင့်)၊ လာဘ်ပေးလာဘ်ယူမှုများပါဝင်ခြင်း၊ မဲဆွယ်ရန်ပုံငွေ အသုံးပြုမှုများမှာ မမျှတခြင်း (သို့မဟုတ်) မစိစစ်နိုင်ခြင်း၊ အတိုက်အခံပါတီမှခေါင်းဆောင်များ ယှဉ်ပြိုင်ခွင့်မရခြင်း၊ ရွေးကောက်ပွဲယှဉ်ပြိုင်ကွင်းမမျှတခြင်း၊ မဲပေးရာတွင် လုပ်ထုံးလုပ်နည်းများလွဲမှားခြင်း၊ မဲရုံနှင့်မဲပေးမည့်သူမမျှတ၍ မဲပေးရန်တန်းစီရခြင်းများနှင့် အချိန်မလောက်ခြင်း (မဲပေးရန် အချိန်ကြာမြင့်စွာတန်းစီရလျှင် မဲမပေးဘဲပြန်သွားနိုင်သဖြင့်)၊ လိမ်ညာတုပမဲပေးခြင်းများနှင့် လိမ်ညာမဲရေတွက်ခြင်း၊ အယောင်ဆောင်မဲပေးခြင်းများနှင့် လိမ်ညာသက်သေခံခြင်း၊ လုံခြုံရေးတာဝန်ရှိသူများနှင့် မဲရုံမှူးများအားသင်တန်းပေးရာတွင် အားနည်းခြင်းစသည်တို့သည် ရွေးကောက်ပွဲဖြစ်စဉ်အဆင့်အသီးသီးတွင် ဖြစ်ပေါ်နိုင်ပြီး **တစ်ခုတွင်ချို့ယွင်းသည်နှင့်တစ်ပြိုင်နက် ရွေးကောက်ပွဲတစ်ခုလုံး၏ ဖြောင့်မတ်မှန်ကန်မှုကို ယုတ်လျော့စေသည့် အကျိုးဆက်များရှိပါသည်။**

အထက်ပါဥပမာများအပြင် ပြိုင်ဘက်များကို ထိုးနှက်အရှက်ခွဲခြင်း၊ ကိုယ်စားလှယ်များ ခြိမ်းခြောက်ခံရခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးရန်မလွယ်ကူခြင်းများ၊ အုပ်စုတစ်စုစု တစ်ဖွဲ့ဖွဲ့အနေဖြင့် မဲပေးခွင့်၊ ပါဝင်ခွင့်မရဘဲ ထိမ်ချန်ခံရခြင်းများ၊ လူထု၏ရွေးချယ်မှုကို အုပ်ချုပ်သူများက အသိအမှတ်ပြု အာဏာလွှဲမပြောင်းပေးခြင်းများ၊ ရွေးကောက်ပွဲအငြင်းပွားမှုနှင့် ရုန်းရင်းဆန်ခတ်ဖြစ်မှုများစသည်တို့သည်လည်း အများပြည်သူယုံကြည်မှုကျဆင်းစေသည့် အကြောင်းအရင်းများဖြစ်သည့်အလျောက် ရွေးကောက်ပွဲကြီးမှူးကြီးကြပ်သူ အဖွဲ့စည်းအနေဖြင့် အကောင်းဆုံးစီမံခန့်ခွဲရန် လိုအပ်ပါသည်။

## တရားဝင်မှုရှိစေသည့် ၂၀၂၀ ရွေးကောက်ပွဲများဖြစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မည်သည့်အရာတွေ လုပ်ဆောင်ရန် လိုအပ်မည်နည်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြန်မာ့ရွေးကောက်ပွဲများ ကြီးမှူးကျင်းပရန် အဓိကတာဝန်ရှိသော အဖွဲ့စည်းတစ်ခုဖြစ်သည်။ အနိုင်ရပါတီမှ ရွေးကောက်တင်မြှောက်ထားသည့်သမ္မတမှ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ခန့်အပ်ဖွဲ့စည်းပြီး ကော်မရှင်၏သက်တမ်းမှာ အစိုးရသက်တမ်းနှင့်အတူတူဖြစ်သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် တတိယမြောက်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲဖြစ်ပြီး NLD အရပ်သားအစိုးရလက်ထက်တွင် ပထမဦးဆုံးကျင်းပမည့် ရွေးကောက်ပွဲဖြစ်သည်။ ဥက္ကဋ္ဌဦးလှသိန်းဦးဆောင်သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၂၀၁၇ နှင့် ၂၀၁၈ ကြားဖြတ် ရွေးကောက်ပွဲများကို အောင်အောင်မြင်မြင်ကျင်းပပေးခဲ့ပြီး လာမည့် ၂၀၂၀ ရွေးကောက်ပွဲကို **လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေး**ဆိုသည့် စံ (၅) ချက်နှင့်အညီ ကျင်းပသွားမည်ဟု ကတိပြုထားသည်။

သို့သော်လည်း ၂၀၂၀ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကာလသည် ကိုဗစ်ကူးစက်မှုကပ်ရောဂါ ဖြစ်ပွားချိန်နှင့် တိုက်ဆိုင်လျက်ရှိပြီး ထိုစံငါးချက်နှင့်ကိုက်ညီသော ရွေးကောက်ပွဲများ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ နိုင်ငံတကာအတွေ့အကြုံဖြစ်ရပ်များတွင် စီးပွားရေးပျက်ကပ်၊ နိုင်ငံတွင်းမတည်ငြိမ်မှု၊ သဘာဝဘေးအန္တရာယ်များစသည့် ဆိုးရွားစွာကြုံတွေ့ရသော

ရွေးကောက်ပွဲနှစ်များမှ အစိုးရများမှာ (ဥပမာ- ဥရောပ စီးပွားရေး အကျပ်အတည်းဒဏ်ခံ စပိန်နှင့်ပေါ်တူဂီနိုင်ငံများမှ အစိုးရများ) ပြည်သူလူထု၏ နောက်ဆက်တွဲ အထွေထွေမကျေနပ်မှုများကြောင့် ပြုတ်ကျလေ့ရှိတတ်သည်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည်လည်း ယခင်ကော်မရှင်များနှင့်မတူဘဲ ကျန်းမာရေးဆိုင်ရာ လူမှုအကျပ်အတည်းကြားမှ ရွေးကောက်ပွဲများကို ကျင်းပရမည်ဖြစ်သောကြောင့် ပိုမိုစိန်ခေါ်မှုများပြီး **သာလွန်ကောင်းမွန်သော စည်းမျဉ်းစည်းကမ်းများ၊ တီထွင်ဆန်းသစ်သော လုပ်ထုံးလုပ်နည်းများ၊ စိတ်ရှည်မှု၊ သည်းခံမှု၊ နားလည်မှုတို့အရင်းခံသော ပူးပေါင်းဆောင်ရွက်မှုများဖြင့်** ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် မဲလာပေးရမည့် နိုင်ငံသားတို့၏ ကျန်းမာရေးဆိုင်ရာလုံခြုံရေးမှာ စိုးရိမ်ဖွယ်ဖြစ်ပြီး ကြောက်လန့်၍ မဲလာမပေးမည့်သူများပါက (low voter turnout) ရွေးကောက်ပွဲ၏ ဖြောင့်မတ်မှန်ကန်မှုကို ထိခိုက်နိုင်သကဲ့သို့ နိုင်ငံသားများမဲထွက်ပေး၍ ကူးစက်မှုအများအပြားရှိခဲ့ပါကလည်း ရွေးကောက်ပွဲ၏ဖြောင့်မတ်မှန်ကန်မှုနှင့် ရွေးကောက်ပွဲအလွန်တက်လာမည့်အစိုးရ၏ တရားဝင်မှုကို ထိခိုက်မည်သာဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး ပြည်လုံးကျွတ်ဆန္ဒခံယူခဲ့သော ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေ၏ တရားဝင်မှုမှာ ယနေ့တိုင် အငြင်းပွားနေရဆဲပင်ဖြစ်သည်။ ထို့ပြင် ရွေးကောက်ပွဲကော်မရှင်အတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဖိအားများနှင့် ဝန်ထုပ်ဝန်ပိုးများ ပိုလာမည်ဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် အစီရင်ခံစာများအရ ၂၀၁၅ တွင် မဲရုံအများစုသည်ကျဉ်း၍ ပြည့်ကျပ်ပြီး မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲပေးခွင့်ကိုထိပါးနေသည်၊ မဲရုံအတွင်း လုပ်ထုံးလုပ်နည်းဆိုင်ရာ အစီစဉ်မကျမှုများကြောင့် ကြန့်ကြာမှုများရှိသည်၊ မဲပေးရန်တန်းစီ အချိန်ကြာကြာစောင့်ဆိုင်းရသည်စသဖြင့် သိရှိရသည်။[၂] ကိုဗစ်ကာလ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်တစ်ဦးစီအား အပူချိန်တိုင်းခြင်း၊ လက်ဆေးစေခြင်း၊ မျက်နှာဖုံးများတပ်ဆင်စေခြင်း (မျက်နှာဖုံးမတပ်လာပါက)၊ လူတစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာရခြင်းစသည့် လုပ်ထုံးလုပ်နည်းများပါ ပိုလာမည်ဖြစ်သောကြောင့် ရှိနေပြီးသည့် မဲရုံနေရာအခက်ခဲ၊ အချိန်မလောက်ငှမှု အခက်ခဲတို့သည် ရွေးကောက်ပွဲအောင်မြင်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် စိန်ခေါ်မှုဖိအားဖြစ်ပေမည်။

လက်ရှိအခြေနေတွင် မဲစာရင်းအမှားအယွင်းများသည်လည်း ဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် မဲမပေးရန် လှုံ့ဆော်မှုများ ရှိနေသည့်အတွက် ၂၀၂၀ ရွေးကောက်ပွဲအား စံ ၅ ချက်ဖြင့် ကျင်းပနိုင်ရန်ဆိုလျှင်၊ ကျန်ရှိသည့် ပြင်ဆင်ချိန်ကာလအနည်းငယ်တွင်း ယှဉ်ပြိုင်မည့်ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ မဲပေးမည့်နိုင်ငံသားများ၏ ယုံကြည်ထောက်ခံမှုရရန်ဆိုလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အောက်ဖော်ပြပါအချက်နှစ်ချက်ကို ဆောင်ရွက်သင့်ပါသည်။ ပထမတစ်ချက်မှာ **ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခွင့်ပေးရန်နှင့် ရွေးကောက်ပွဲဖြစ်စဉ်၏အဆင့်တိုင်းကို လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ပေးရန်၊ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များကို မဲဆန္ဒနယ်တိုင်းတွင် လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန်လိုအပ်သော ကူညီပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှု**များပေးရန်ဖြစ်ပါသည်။ ဒုတိယအချက်မှာ **ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသူ နိုင်ငံရေးပါတီများ၊ မီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပိုမိုထိတွေ့ရန်၊ ပွင့်ပွင့်လင်းလင်းတွေ့ဆုံဆွေးနွေးရန်နှင့် ရွေးကောက်ပွဲဖြစ်စဉ် ေ ချာမွေ့စေရန်ရည်ရွယ်သော ၎င်းတို့၏စိုးရိမ်ချက်၊ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပေးရန်**တို့ ဖြစ်ပါသည်။

## လွတ်လပ်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုကို အားကောင်းစေခြင်း

ရွေးကောက်ပွဲစီမံခန့်ခွဲမှု အားနည်းချက်များနှင့်အလွဲမှားများသည် ဥပဒေမဲ့ဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း၊ ဒီမိုကရေစီအခွင့်အရေး ချိုးဖောက်ခြင်းသော်လည်းကောင်း၊ နားလည်ကျွမ်းကျင်မှုအားနည်း၍သော်လည်းကောင်း ဖြစ်ပေါ်နိုင်သည်။ ရွေးကောက်ပွဲတစ်ခု၏ ဖြောင့်မတ်မှန်ကန်မှုကို ထိခိုက်စေနိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ ရွေးကောက်ပွဲ

[၂] ၂၀၁၅ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအစီရင်ခံစာများ။ ကာတာစင်တာ၊ ဥရောပသမဂ္ဂနှင့် ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့တို့၏ ၂၀၁၅ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအစီရင်ခံစာများတွင် ကြည့်ရှုပါ။

ဆိုင်ရာ အားနည်းချက်အလွဲမှားများကို **မဲမမှန်မကန်ပြုလုပ်ရန် ရည်ရွယ်မှားသည့်အမှားနှင့်** ရှုပ်ထွေးသည့်လုပ်ထုံးလုပ်နည်းအစီစဉ်များကို စီမံခန့်ခွဲရန် နည်းလည်ကျွမ်းကျင်မှု မပြည့်စုံမှု၊ လူအင်အားအရင်းအမြစ်မရှိမှုတို့ကြောင့်မှားသည့် **လုပ်ငန်းပိုင်းဆိုင်ရာ မရည်ရွယ်သည့် အလွဲအမှား**ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ဥပမာဆိုရလျှင် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲစာရင်းအမှားအယွင်းများရှိခဲ့သော်လည်း၊ မဲပေးစဉ်နှင့် မဲရေတွက်စဉ်အတွင်း၊ မဲရုံအတွင်း လုပ်ထုံးလုပ်နည်းများ အစီစဉ်မကျ အမှားယွင်းအချို့ရှိခဲ့သော်လည်း ထိုအလွဲအမှားများသည် လုပ်ငန်းပိုင်းဆိုင်ရာ မရည်ရွယ်သည့် အလွဲအမှားများဖြစ်သည်ဟု ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက အကဲဖြတ်ခဲ့ပြီး နောင်ရွေးကောက်ပွဲများတွင် ပိုမိုချောမွေ့စေမည့်၊ ပိုမိုဒီမိုကရေစီနည်းကျမည့် အကြံပြုချက်များသာပေးခဲ့ကြသည်။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု ကနဦးအစီရင်ခံစာများတွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲသည် လုပ်ငန်းပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာချို့ယွင်းချက်များမှအပ "တည်ငြိမ်အေးချမ်းသော"၊ "ယှဉ်ပြိုင်မှုရှိသော"၊ "ကောင်းစွာစီစဉ်ထားသော"၊ "အများနှင့်ယှဉ်လျှင်ကောင်းမွန်သော"၊ "လွတ်လပ်မျှတသော ရွေးကောက်ပွဲများဖြစ်ရန် အသိမှတ်ပြုဖွယ်အထူးကြိုးစားအားထုတ်ထားသော" ရွေးကောက်ပွဲဖြစ်ကြောင်း ချီးကျူးခဲ့ကြပြီး ရွေးကောက်ပွဲကော်မရှင်နှင့်တက်လာသည့်အစိုးရအပေါ် ပြည်တွင်းပြည်ပ၏တရားဝင်မှု ရှိစေခဲ့သည်။[၃] ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် လူကိုစောင့်ကြည့်ခြင်းမဟုတ်ဘဲ၊ ဖြစ်စဉ်ကိုစောင့်ကြည့်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်ကို မည်သူပင် ဦးဆောင်စေကာမူ ရွေးကောက်ပွဲတစ်ခု၏ ဖြောင့်မတ်မှန်ကန်မှု၊ ဒီမိုကရေစီနည်းကျမှု၊ တရားဝင်မှုနှင့် ရွေးကောက်ပွဲဂုဏ်သိက္ခာ တိုးတက်စေရေးအတွက် ရွေးကောက်ပွဲမျက်နှာစာအသီးသီးနှင့်အဆင့်တိုင်းကို စနစ်တကျစောင့်ကြည့်လေ့လာ အကဲဖြတ်၍ အကြံပြုချက်ပေးသူများဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံ၏ဒီမိုကရေစီဖြစ်ပေါ် တိုးတက်မှုများနှင့်အညီ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲများပုံမှန်ကျင်းပနိုင်ရန်ဆိုလျှင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍကို အသိမှတ်ပြုရုံသာမက အဆိုပါအဖွဲ့အစည်းများ ပိုမို အားကောင်းလာရန်၊ မဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်ပွဲစောင့်ကြည့်ရေးလုပ်ငန်းများ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဖြေလျှော့မှုများ၊ ကူညီပံ့ပိုးမှုများ၊ နှင့် ပူးပေါင်းဆောင်ရွက်မှုများပေးရန် လိုအပ်ပါသည်။

## ရွေးကောက်ပွဲတွင်ပါဝင်နေသူအသီးသီးနှင့် ပိုမိုပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကြီးမှူးကျင်းပပေးရသည့် အဓိကအဖွဲ့စည်းတစ်ခုဖြစ်သည်။ သို့သော် ရွေးကောက်ပွဲကျင်းပရေး ပြင်ဆင်မှုများပြုလုပ်ရာတွင် နိုင်ငံရေးပါတီများ ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာများနှင့်ထိတွေ့ခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများ ပိုမိုဆောင်ရွက်ပါက နားလည်မှုအလွဲများ ဖြေရှင်းနိုင်သကဲ့သို့ ၎င်းတို့အနေဖြင့် ပါဝင်ခွင့်၊ အကြံပြုခွင့်ရသောကြောင့် ရွေးကောက်ပွဲဖြစ်စဉ်အပေါ်တွင် ယုံကြည်မှုရှိခြင်း ၎င်းတို့မှတစ်ဆင့် နိုင်ငံသားများ၏ယုံကြည်မှုများ တိုးပွားစေနိုင်ပါသည်။ ယေဘုယျအားဖြင့် ရွေးကောက်ပွဲမည်သည် ပါတီများ ကိုယ်စားလှယ်များယှဉ်ပြိုင်ရသည့်ပွဲ ဖြစ်သည့်အလျောက် ရွေးကောက်ပွဲတွင် ရှုံးနိမ့်သူများက အနိုင်ရသူများထက် ရွေးကောက်ပွဲများ၏ ဖြောင့်မတ်မှန်ကန်မှုပေါ် ရံဖန်ရံခါမေးခွန်းထုတ်တတ်ကြသည်။ သို့သော် ၂၀၁၅ ကဲ့သို့ ပါတီများ အရပ်ဘက်အဖွဲ့အစည်းများ မီဒီယာများပါဝင်ဆွေးနွေးအကြံပြုနိုင်သည့်၊ ဝေဖန်ဆွေးနွေးနိုင်သည့် အခင်းအကျင်းတစ်ရပ်တွင် ရွေးကောက်ပွဲစီမံခန့်ခွဲမှု၊ ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းဥပဒေအချို့အပေါ် သဘောထားကွဲလွဲမှုများ၊ မကျေလည်မှုများရှိခဲ့သော်လည်း ရွေးကောက်ပွဲရလဒ်ထွက်ပေါ်လာချိန်တွင် ရှုံးသူ၊ နိုင်သူအပါအဝင် နိုင်ငံသားအများစုမှာ ရလဒ်အပေါ် လက်ခံနိုင်စွမ်းရှိခဲ့သည်။ အလားတူပင် ယခုလည်း နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲကော်မရှင်အကြား၊ အရပ်ဘက်အဖွဲ့စည်းများနှင့် ရွေးကောက်ပွဲကော်မရှင်အကြား၊ မီဒီယာများနှင့် ရွေးကောက်ပွဲ

---

[၃] ၂၀၁၅ အထွေထွေရွေးကောက်ပွဲပြီးနောက် စောင့်ကြည့်လေ့လာထုတ်ပြန်ခဲ့သော ပြည်တွင်းပြည်ပမစ်ရှင်များ၏ ကနဦးအစီရင်ခံစာများတွင်ကြည့်ပါ။ ဥပမာ-ကာတာစင်တာ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု ကနဦးအစီရင်ခံစာတွင် "ကာတာစင်တာမှ မဲရုံပေါင်း ၂၄၅ ခု ကို စောင့်ကြည့်ခဲ့ပြီး မဲပေးခြင်းနှင့်မဲရေတွက်ခြင်းများကို ကောင်းမွန်စွာဆောင်ရွက်သည်ကို တွေ့ရသည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ အမှားယွင်းအချို့ရှိသော်လည်း ထိုအမှားယွင်းများမှာ မဲရုံအရာရှိများ အတွေ့အကြုံနည်းခြင်း အရင်းမြစ်များမလုံလောက်၊ အကန့်သတ်ရှိနေခြင်းကြောင့် ဖြစ်ဖွယ်ရှိသည်ဟုဖော်ပြထားသည်။" (https://www.cartercenter.org/news/pr/myanmar-111015.html)

ကော်မရှင်အကြား နားလည်မှုအလွဲများနှင့် အမြင်မရှင်းမှုများရှိနေပြီး တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်သည့် အခင်းကျင်းများမှာ ပိုမိုလိုအပ်နေသည်ကို တွေ့ရသည်။

ဥပမာဆိုရလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲဆန္ဒနယ်ပြင်ပရောက် ရွှေ့ပြောင်းနေထိုင်သူများ မဲပေးရန်လိုအပ်ချက်တွင် အနည်းဆုံးရက်ပေါင်း ၁၈၀ မှ ၉၀ သို့ လျှော့ချပြင်ဆင်မှုသည် နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ စံချိန်စံညွှန်းများအရကြည့်လျှင် ယာယီရွှေ့ပြောင်းနေထိုင်သူ လုပ်ကိုင်စားသောက်သူများ၏ မဲပေးခွင့်ကို မဆုံးရှုံးစေမည့် ကြိုဆိုဖွယ်ဥပဒေပြင်ဆင်မှုဖြစ်သော်လည်း၊ လူ့အခွင့်ရေးစံနှုန်းများနှင့် နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီ နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိရန် ကြိုးပမ်းနေကြသည့် ရွေးကောက်ပွဲဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ နားလည်လက်ခံသော ပြင်ဆင်မှုဖြစ်သော်လည်း၊ နိုင်ငံရေးပါတီများ အထူးသဖြင့် ဒေသခံတိုင်းရင်းသားပါတီများ မလိုလား၊ ကန့်ကွက်သော ပြင်ဆင်မှုတစ်ခုဖြစ်ခဲ့သည်။ ဒေသခံတိုင်းရင်းသားပါတီများက နေရာဒေသတစ်ခုတွင် ရက်ပေါင်း ၉၀ ကျော်နေထိုင်ရုံမျှဖြင့် အဆိုပါဒေသ၏ကိုယ်စားလှယ်ကို ရွေးချယ်မဲပေးခွင့်ပေးခြင်းသည် နောက်ဆက်တွဲမဲစာရင်းဆိုင်ရာ၊ တရားမျှတမှုဆိုင်ရာ အငြင်းပွားမှုများရှိနိုင်သည့်အပြင် မူလဒေသခံများ၏ဆန္ဒကို ဝင်ရောက်စွက်ဖက်ခွင့်ပြုရာရောက်သကဲ့သို့ ၎င်းတို့အတွက်လည်း နစ်နာမှုရှိသည်ဟု ပါတီ ၁၄ ခု စုပေါင်းသဘောထားထုတ်ပြန်ခဲ့သည်။ ဒုတိယဥပမာတစ်ခုမှာ ကိုဗစ်ကာလအတွင်း ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ပါတီများမဲဆွယ်စည်းရုံးမှုကို ကျယ်ကျယ်ပြန့်ပြန့်မလုပ်ဆောင်ရန် ကျန်းမာရေးဝန်ထမ်းများနှင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေး လုပ်ရှားသူများက နိုင်ငံရေးပါတီများကို တိုက်တွန်းထားသကဲ့သို့ မဲဆွယ်စည်းရုံးမည့် စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ (ဥပမာ- မြေပြင်တွင်လှုပ်ရှားမှုအစား နိုင်ငံပိုင်တီဗီဖန်သားပြင်ပေါ်မှ ပိုမိုကျယ်ကျယ်ပြန့်ပြန့်စည်းရုံးခွင့်ပေးရန်) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အကြံပြုတိုက်တွန်းမှုများ ရှိနေသည်။ တစ်ဖက်တွင်လည်း နိုင်ငံရေးပါတီများက ကိုဗစ်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များကြောင့် ပါတီစည်းရုံးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နိုင်ခြင်းမရှိသည့်အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မေးခွန်းထုတ်လျက်ရှိသည်။ တတိယဥပမာတစ်ခုအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လူဦးရေများသည့် လှိုင်သာယာမြို့နယ်အား မဲဆန္ဒနယ်နှစ်ခုအဖြစ် ခွဲ၍ လူဦးရေနည်းသော ဆိပ်ကမ်းမြို့နယ်အား အခြားမဲဆန္ဒနယ်နှင့် ပေါင်းစည်းပြင်ဆင်သတ်မှတ်ခြင်းသည် ရွေးကောက်ပွဲစီမံခန့်ခွဲမှုရှုထောင့်အရ မှန်ကန်သောလုပ်ဆောင်ချက်ဖြစ်သော်လည်း (လှိုင်သာယာမြို့နယ်တွင် လူဦးရေ ၇ သိန်းနီးပါးရှိပြီး၊ ဆိပ်ကမ်းမြို့နယ်တွင် လူဦးရေ ၃၀၀၀ နီးပါးသာ ရှိသည်။ Voting power ကဲ့သို့သော ကိုယ်စားလှယ်တစ်ဦးကိုယ်စားပြုရမည့်လူဦးရေ အရေအတွက်အရဆိုလျှင် မြို့နယ်နှစ်ခုအကြားကွာဟချက်မှာ အလွန်ကြီး၍ မမျှတဖြစ်နေသည်။)[၄] ဆိပ်ကမ်းမြို့နယ်သည် အတိုက်အခံပါတီအားကောင်းသည့် မဲဆန္ဒနယ်ဖြစ်သောကြောင့် ကော်မရှင်၏ရည်ရွယ်ချက်အပေါ် သံသယဝင်မေးခွန်းထုတ်စရာဖြစ်ခဲ့သည်။[၅] အဆိုပါဖြစ်ရပ်များတွင် ကော်မရှင်၊ နိုင်ငံရေးပါတီနှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်မှာ ပေါ်လွင်လှသည်။ အဖွဲ့အစည်းအသီးသီးတွင် စိုးရိမ်ပူပန်မှုအသီးသီးနှင့် အကျိုးစီးပွားအသီးသီးရှိသဖြင့် ဒိုင်ဖြစ်သူ ကော်မရှင်တစ်ဦးတည်း ဆုံးဖြတ်တာဝန်ခံရန်မလိုအပ်ဘဲ အားလုံးပါဝင်ဆွေးနွေးခြင်းဖြင့် အများနားလည်လက်ခံနိုင်သောအဖြေကိုရလျှင် ပူးပေါင်းပါဝင်မှုရှိသည့် နိုင်ငံရေးသဘောတူညီချက်ရှိသည့် ရွေးကောက်ပွဲများကို ကျင်းပနိုင်မည်ဖြစ်သည်။ အလားတူပင် ဇူလိုင်လ ၂၅ ရက်နေ့က နေပြည်တော်တွင်ပြုလုပ်သည့် တပ်မတော်သတင်းစာရှင်းလင်းပွဲအပြီးတွင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက လွတ်လပ်ပြီးတရားမျှတရန် တပ်မတော်ကကူညီမည်ဖြစ်သော်လည်း တပ်တွင်း

---

[၄] ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ဆိပ်ကမ်းမြို့နယ်တွင် ၂၈၂၆ ဦး နှင့် လှိုင်သာယာမြို့နယ်တွင် ၆၈၇၆၈၄ ဦး ရှိသည်။

[၅] လက်ရှိတွင် ဆိပ်ကမ်းမြို့နယ်ကိုဖျက်သိမ်းပြီး နှစ်ပိုင်းခွဲ၍ လမ်းမတော်မြို့နယ်နှင့် ဗိုလ်တစ်ထောင်မြို့နယ်တွင် ထည့်သွင်းဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတရုံးစာအမှတ် ၅၀၈(၅)/၁၂ ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ထားပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၈ အရ လွှတ်တော်မှမှတ်တမ်းတင်ထားသည်။ မည်သည့်နေ့တွင် စတင်ပြီး အတည်ဖြစ်မည်ကို သက်ဆိုင်ရာဝန်ထမ်းများက မသိရှိသေးဟု ဇန်နဝါရီလ ၃၁ ရက်နေ့ Myanmar Now မှ ကိုဖြိုးသီဟချိုရေးသားသည့်သတင်းတွင် ဖော်ပြထားသည်။ https://myanmar-now.org/mm/news/3039, https://news-eleven.com/article/157343
။ ထိုသို့ပြင်ဆင်ဖွဲ့စည်းမှုအရ ရန်ကုန်အနောက်ပိုင်းခရိုင်တွင် မူလမြို့ နယ် ၁၃ မြို့ နယ် မှ ၁၂ မြို့ နယ်သာပါရှိတော့မည်။

မဲရုံအားလုံးအပြင်မထုတ်ဘဲ အချို့ကိုတပ်တွင်းတွင် ဆက်လက်ထားရှိမည်ဟု မှတ်ချက်ပြုခဲ့သည်။ အဆိုပါမှတ်ချက်နှင့်ပတ်သက်၍ သတင်းမီဒီယာများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆက်သွယ်မေးမြန်းသော်လည်း ဖုန်းဖြင့်မဖြေဆိုဟုသော ကော်မရှင်၏ သတင်းမီဒီယာများနှင့်ဆက်ဆံရေးမူကြောင့် အချိန်မီဆက်သွယ်၍မရရှိခဲ့ဘဲ သတင်းအမှားများထွက်ပေါ်လာခဲ့ပြီး ထိုသတင်းအမှားများကို ရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ဖြေရှင်းပေးရသည့် အလုပ်တာဝန်များပိုခဲ့သည်။ ပုံ-က




**ပင်ရင်း - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Facebook ပေါ်မှ**

အချုပ်ဆိုရလျှင် စံငါးချက်နှင့်ညီသောရွေးကောက်ပွဲများ အောင်အောင်မြင်မြင်ကျင်းပရန် ပြင်ဆင်ချိန်မှာ နည်းလာပြီဖြစ်၍ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဆိုပါစိန်ခေါ်မှုများပြည့်နေသော ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲအတွက် လွတ်လပ်၍ စနစ်တကျစောင့်ကြည့်လေ့လာသောအဖွဲ့အစည်း၊ စောင့်ကြည့်လေ့လာသူများ ကျယ်ကျယ်ပြန့်ပြန့်ထားရှိခြင်း၊ ၎င်းတို့ကို လွတ်လပ်စွာစောင့်ကြည့်လေ့လာ လှုပ်ရှားခွင့်ပေးခြင်း၊ နိုင်ငံရေးပါတီ၊ အရပ်ဘက်အဖွဲ့အစည်း၊ မီဒီယာများနှင့်ထိရောက်သည့် နည်းလမ်းများဖြင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ခြင်းတို့ အရှိန်မြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤသို့ဖြင့် စီမံခန့်ခွဲမှုဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ အမှားအယွင်း အားနည်းချက်များ၊ သတင်းတု သတင်းမှားများ၊ နားလည်မှုအလွဲများနှင့် အမြင်မရှင်းမှုများကိုလျှော့ချနိုင်ပြီး ရွေးကောက်ပွဲတွင် ရှုံးနိမ့်သူများအပါအဝင် ရွေးကောက်ပွဲနှင့်ဒီမိုကရေစီဖြစ်စဉ်တွင် ပါဝင်သူများ၊ နိုင်ငံသားများ ယုံကြည်လက်ခံမည့်၊ ဒီမိုကရေစီတရားဝင်မှုခိုင်မာစေမည့် ကိုဗစ်စိန်ခေါ်မှုကြားက ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်မည်ဖြစ်ပါသည်။

စုမွန်သန့်သည် ဗြိတိန်နိုင်ငံ Keele တက္ကသိုလ်မှ နိုင်ငံရေးပါတီနှင့်ရွေးကောက်ပွဲ အထူးပြုမဟာဘွဲ့ရရှိထားပြီး လက်ရှိတွင် ဒီမိုကရေစီဆိုင်ရာသုတေသနများကို လုပ်ဆောင်နေပါသည်။